# Minutes of Myanmar Language Information Management Network Meeting
*27th May 2026, 2PM MMT, online via Zoom*

## Agenda

1. Presentation – MIMU HDP Nexus 5W (MIMU)
2. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
3. အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)

Participants: AMDA, Best Shelter, BIM, Carelink, JOICFP, Malteser, NAG, NRC, PPWT, Plan, SCI, WVM

(16 participants from 13 organisations)

## ၁။ MIMU HDP NEXUS 5W (MIMU)

5W ကို ဖေဖော်ဝါရီလ ၂၀၂၆ တွင် ကောက်ယူခဲ့ပြီး ထိုအပတ်စဉ် ကောက်ခဲ့သော အချက်အလက်များနှင့် ပတ်သတ်ပြီး MIMU မှ အောက်ပါအတိုင်း ပြောပြဆွေးနွေးခဲ့ပါသည်။

၂၀၂၆ ဖေဖော်ဝါရီလအထိ လုပ်ဆောင်ကြသည့် 5W အချက်အလက်များကို အဖွဲ့ပေါင်း ၁၉၈ ဖွဲ့မှ ပေးခဲ့ပါသည်။ 5W Data များကို ၂၀၂၁ ခုနှစ် မတိုင်ခင်အထိ အဖွဲ့အစည်းအမည်များပါဝင်သော 5W Excel Data File များကို MIMU Website မှာ တင်ထားပေးပြီး နောက်ပိုင်းတွင် Data File များအပြင် အဖွဲ့အစည်း အမည်ပါသော မည်သည့်အချက်အလက်မှ MIMU Website ပေါ် မတင်ထားတော့ပါ။ Data များ ကောက်ယူရာတွင် Open, Restricted ဟု နှစ်မျိုးရှိပြီး သတ်မှတ်ထားသော အဖွဲ့အစည်းများ (5W ပေးပို့ထားသော အဖွဲ့အစည်းများ၊ Coordnation Group များ၊ Donor များ) ကို Open အနေဖြင့် ပေးပို့ထားသော Data များကိုသာ Data Request လုပ်ပါက ပေးပို့ပါသည်။ Restricted အနေဖြင့် ပေးပို့ထားသော Data များကို Org Code စနစ်ဖြင့် Confidential အနေနှင့် သိမ်းထားပြီး မည်သည့် အဖွဲ့အစည်းကိုမှ ပြန်လည်မျှဝေခြင်း မပြုလုပ်ပါ။ ယခု အပတ်စဉ်တွင် Confidential data မှာ ၂၇% လောက်ရှိပြီး အထူးသဖြင့် Agriculture Sector သည် Confidential အများဆုံးဖြစ်ပြီး ၎င်းနောက်တွင် Health, Protection နှင့် Nutrition Sector တို့ လိုက်ပြီး ၎င်း sector များအတွက် အချက်အလက်ရယူလိုသူများအနေဖြင့် အချက်အလက် အပြည့်အဝမရနိုင်ပါ။

Product များအနေဖြင့် ယခင်အပတ်စဉ်များနည်းတူ Sector/Cluster မြေပုံများ နှင့် 5W Township Dashboard တို့ကို ထုတ်ပြီး ဖြစ်ပါသည်။ 5W products များကို မြို့နယ်အဆင့်အထိသာ ထုတ်မည်ဖြစ်ပြီး ကျေးရွာအုပ်စုအဆင့် လိုအပ်ပါက MIMU သို့တိုက်ရိုက်တောင်းခံနိုင်ပါသည်။

5W တွင် ပါဝင်လိုပါက 5W Data Entry Form နှင့် 5W Guideline ကို MIMU Website မှ 5W Page တွင် လေ့လာနိုင်မည်ဖြစ်ပြီး 5W Data Entry Form ကို ဖြည့်နည်းကိုပါ ဗီဒီယိုဖိုင်အနေနှင့် တင်ထားပေးပါသည်။ 5W Data တောင်းယူလိုပါက Map & Data Request မှ Online Data Request Link မှတဆင့် Organisation Email ကို အသုံးပြုပြီး တောင်းခံနိုင်ပါသည်။ (Organisation Email မှာ Gmail ဖြစ်နေပါက ဆရာမ အိအိသိန်း (ei.ei.thein@undp.org) သို့ တိုက်ရိုက် ပေးပို့ တောင်းခံနိုင်ပါသည်)။ ဆက်လက်ပြီး 5W Dashboard နှင့် maps တို့ရယူနိုင်သော MIMU 5W page ကို ရှင်းလင်းပြသခဲ့ပါသည်။ Dashboard နှင့် products များအပေါ်တွင် အကြံပေးနိုင်ပြီး အချက်အလက်လွဲနေသည်များ ရှိပါကလဲ MIMU ကို ဆက်သွယ် ပြောပြပေးနိုင်ပါသည်။

**MIMU HDP NEXUS 5W** - https://themimu.info/5w-maps-and-reports

## ၂။ အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**World Vision** ။ ။ စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်နေသော မြို့နယ်များထဲမှ ကော့သောင်း၊ ဖျာပုံနှင့် မော်လမြိုင်မြို့နယ်များကို ပိတ်မည်ဖြစ်ပြီး အမရပူရမြို့နယ်ကို တိုးချဲ့လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

**MIMU** ။ ။ Assessment/Publication information ကောက်နေပြီး Product updates ကို ဇွန်လထဲတွင် ပြုလုပ်မည် ဖြစ်ပါသည်။ MIMU သင်တန်းများအနေဖြင့် Communication and Visualization သင်တန်းနှင့် Information Management Workshop သင်တန်းကို ဖိတ်ကြားထားပြီး သင်တန်းများကို ဇွန်လနှင့် ဇူလိုင်လအတွင်း ပြုလုပ်သွားမည် ဖြစ်ပါသည်။

## ၃။ အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

နောက်တွေ့ဆုံမှုကို ခန့်မှန်း ဩဂုတ်လ နောက်ဆုံးအပတ် ၂၆ ရက်နေ့တွင် လုပ်ပါမည်။ IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။